Burmese version

# Migrant Diary

လိင်ပိုင်းဆိုင်ရာမျိုးပွားမှု ကျန်းမာရေးနှင့်အခွင့်အရေး

2015

လ

လိင်ပိုင်းဆိုင်ရာ

က

ကျန်းမာရေး

မ

မျိုးပွားမှု

နှင့်

အ

အခွင့်အရေး

# လိင်ပိုင်းဆိုင်ရာမျိုးပွားမှု ကျန်းမာရေးနှင့်အခွင့်အရေး

မျိုးဆက်ပွားကျန်းမာရေး၊ မျိုးဆက်ပွားဆိုင်ရာ အခွင့်အရေးများ၊ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် လိင်ပိုင်းဆိုင်ရာ အခွင့်အရေးများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၏အကြောင်းအရာများကို ကြည့်ခြင်းအားဖြင့် လိင်ပိုင်းဆိုင်ရာမျိုးပွားမှု ကျန်းမာရေးနှင့်အခွင့်အရေးသည် အသက်ရှင်ရပ်တည်ခွင့်၊ ကျန်းမာသန်စွမ်းခွင့်၊ မိမိကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ မတူညီကွဲပြားသော မိသားစုအဖြစ် ရပ်တည်ခွင့်၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေးများ၊ ကလေးသူငယ်အခွင့်အရေးများ၊ မျိုးဆက်အားလုံးနဲ့ သက်ဆိုင်သော အခွင့်အရေးများ စသည်တို့အားလုံး ရောယှက်ပါဝင်ပါသည်။ အသက်ရှင် ရပ်တည်ခွင့်နှင့် ကျန်းမာသန်စွမ်းခွင့်သည် အစားအစာနှင့် အာဟာရ ရရှိခွင့် စသည်များနှင့်လည်း အကျုံးဝင်နေပါသည်။ အထက်ပါတွင်ဖော်ပြထားသကဲ့သို့ လိင်ပိုင်းဆိုင်ရာ မျိုးပွားမှု ကျန်းမာရေးနှင့် အခွင့်အရေးကို အထောက်အပံ့မပြုလျှင် ကျား/မ တန်းတူအခွင့်အရေးနှင့် လူမှုအခွင့်အရေးများကိုလည်းအပြည့်အဝ မရနိုင်ပါ။ လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားမှုကျန်းမာရေးနှင့်အခွင့်အရေးများတစ်ခုခြင်းနှင့်သက်ဆိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အောက်တွင်ဖော်ပြထားပါသည်။

## မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး ဆိုသည်မှာ-

မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးဆိုသည်မှာ လူတိုင်းတွင် တာဝန်သိတတ်သော၊ ဆန္ဒပြည့်ဝသော၊ လုံခြုံစိတ်ချရသော လိင်မှုဘဝ၊ မျိုးပွားနိုင်စွမ်း၊ မည်သည့်အချိန်နှင့် ဘယ်နစ်ကြိမ်မျိုးပွားမည်ကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်များ ပါဝင်သည်။ အမျိုးသားများနှင့် အမျိုးသမီးများတွင် လုံခြုံစိတ်ချရသော၊ တတ်နိုင်သော၊ ထိရောက်သော၊ လက်ခံနိုင်သော၊ မျိုးပွားမှုဆိုင်ရာ အခွင့်အရေး နည်းလမ်းများကို အသိပေးခံရခြင်းနှင့် လက်လှမ်းမှီခြင်း အခွင့်အရေးများ ရှိသည့်အပြင် ရွေးချယ်ပိုင်ခွင့်များလည်းရှိသည်။ သင့်တော်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းအားဖြင့် အမျိုးသမီးများ လုံခြုံစွာ ကိုယ်ဝန်ဆောင် မီးဖွားနိုင်မည်ဖြစ်ပြီး စုံတွဲများအနေဖြင့်လဲ ကျန်းမာသော မွေးကင်းစ ကလေးတစ်ယောက်ကို ရရှိစေရန် အကောင်းဆုံး အခွင့်အလမ်းကို ထောက်ပံ့ပေးသင့် သည်။ ဤအချက်အားလုံးသည် မျိုးဆက်ပွားကျန်းမာရေး နှင့် အကျုံးဝင်နေသည်။

## မျိုးဆက်ပွား ဆိုင်ရာအခွင့်အရေးများဆိုသည်မှာ-

မျိုးဆက်ပွားဆိုင်ရာ အခွင့်အရေးများတွင် ပါဝင်သော လူ့အခွင့်အရေးများသည် နိုင်ငံ့ဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာတန်းများ နှင့်အခြားသော အများသဘောတူ စာတန်းများတွင် အသိအမှတ်ပြု လက်ခံထားပြီး ဖြစ်သည်။ ၎င်းအခွင့်အရေး များထဲတွင် အခြေခံအခွင့်အရေး သည် စုံတွဲအားလုံးနှင့် လူတစ်ဦး တစ်ယောက်တိုင်းတွင် ၎င်းတို့၏ ကလေးအရေအတွက် နေရာနှင့် အချိန်အခါ၊ တာဝန်ယူ၍ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ဖြစ်သည်။ ထို့အပြင် အဆင့်မြင့်ဆုံးသော →

# အလုပ်သမားနေ့စဉ်မှတ်တမ်း ၂၀၁၅




ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ❖ ထုတ်ဝေသည့်နှစ် | ၁၈ ဒီဇင်ဘာ ၂၀၁၄ |
| ❖ ထုတ်ဝေသူ | မက်(ပ်) ဖေါင်ဒေးရှင်း |
| ❖ စီစဉ်သူ | တုမ်မောက်ဟန် |
| ❖ စာအုပ်အပြင်အဆင် | စိုင်းယွတ် |
| ❖ ဘာသာပြန် | နန်းခမ်းအုံ |
| ❖ မျက်နှာဖုံးဒီဇိုင်း | Estelle Cohenny |
| ❖ အုပ်ရေ | ၈၀၀၀ |

# အလုပ်သမား နေ့စဉ်မှတ်တမ်း ၂၀၁၅

အမည် ------------------------------သွေးအုပ်စု----------------

နေထိုင်ခွင့်လက်မှတ်ထောရော ၃၈/၁ (**ทร.**38/1) --------------------------

အလုပ်သမားမှတ်ပုံတင်အမှတ်--------------------------------------

ကျန်းမာရေးအာမခံကဒ်အမှတ်--------------------------------------

အလုပ်အကိုင် ------------------------------------------------

ဖုန်းနံပါတ် --------------------------------------------------

အလုပ်အကိုင်တည်ရာလိပ်စာ --------------------------------------

အလုပ်ရှင်အမည်နှင့် မျိုးဆက်အမည် --------------------------------

အလုပ်ရှင်၏ဖုန်းနံပါတ် ------------------------------------------

-----------------------------------------------------------

အရေးပေါ်ပါက ဆက်သွယ်ရန် အရင်းနှီးဆုံးပုဂ္ဂိုလ် ----------------------------

-----------------------------------------------------------

-----------------------------------------------------------

ဤစာအုပ်သည် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားအတွက်သာ ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သဖြင့် အများပြည်သူရုံးပိတ်ရက်များ၊ သိသင့်ဖွယ်ရာ အချက်အလက်များမှာလည်း ထိုင်းနိုင်ငံအပေါ်သာ အခြေပြု ဖော်ပြထားပါသည်။ ဇယားကွက်တွင်းရှိရက်များမှာ တရားဝင်ရက်များဖြစ်သည်။

# မက်(ပ်)နှင့် မိတ်ဆက်ပေးခြင်း

## မက်(ပ်) လူမှုကူညီရေးအသင်းကိုသိဖူးရဲ့လား

တချို့သောသူများသည် MAP လူမှုကူညီရေးအသင်းကို တာဝန်ရှိပုဂ္ဂိုလ်များ ကွင်းဆင်းပြီး ပညာပေးမှု၊ MAP အသင်းမှ ထုတ်ဝေဖြန့်ချိသော စာအုပ်စာစောင်များ၊ ထိုင်းနိုင်ငံအတွင်းမှ ထုတ်လွှင့်သော ရေဒီယိုအသံလွှင့်ဌာန AM ၁၄၇၆ KHz နှင့် MAP ရေဒီယိုအသံလွှင့်ဌာန FM ၉၉ MHz တို့မှ တဆင့်ရွှေ့ပြောင်းအလုပ်သမားအများစုက MAP လူမှုကူညီရေးအသင်းကို သိရှိပြီးဖြစ်သော်လည်းမသိသေးသူများအတွက် ၂၀၁၅ အလုပ်သမားများ မှတ်တမ်းစာအုပ်အတွင်းတွင် ဖော်ပြသွားမည်ဖြစ်သည်။

MAP လူမှုကူညီရေးအသင်း(သို့)MAP ဆိုသည့်စကားလုံးသည်အင်္ဂလိပ်စာလုံး(Migrant Assistance Programme)မှ အတိုကောက်စာလုံးMAP ကို အသုံးပြုခဲ့ရာ ရွှေ့ပြောင်းအလုပ်သမားများကို ကူညီပေးသော အသင်းဟုအဓိပ္ပါယ်ရသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများကိုသိရှိနားလည်ပြီးကူညီပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် MAP အသင်းကိုစတင်တည်ထောင်ခဲ့ပြီးထိုင်းနိုင်ငံ ချင်းမိုင်မြို့အတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ နေထိုင်သော နေရာများသို့သွားရောက်ပြီး ကျန်းမာရေးအသိပညာများကို ဟောပြောပေးရုံမက ထိုင်းနိုင်ငံအတွင်းထုတ်လွှင့်သော ရေဒီယိုအသံလွှင့်ဌာန AM ၁၄၇၆ KHz အတွင်း၌လည်း အခြေခံကျန်းမာရေး အသိပညာများ၊ အလုပ်သမားအခွင့်အရေးများနှင့် ထိုင်းနိုင်ငံအတွင်း နေထိုင်စားသောက်မှု အခြေခံဗဟုသုတများကို ထုတ်လွှင့်ခဲ့ရာ ထိုင်းနိုင်ငံတွင်နေထိုင်သော တိုင်းရင်းသားများသာမက ဗမာပြည်နှင့် ရှမ်းပြည်အတွင်းတွင်နေထိုင်သော မိဘပြည်သူများလည်း စိတ်ဝင်တစားနားထောင် မှုရှိသည်။

MAP အသင်းသည် ၂၀၀၂ ခုနှစ် နှိုဝင်ဘာလတွင် မှတ်ပုံတင်ပြီး ထိုင်းနိုင်ငံအတွင်း၌ တရားဝင်သောအဖွဲ့အစည်းဖြစ်လာကာ“ တိုင်းရင်းသား ရွှေ့ပြောင်းအလုပ်သမားများ၏ကျန်းမာရေးစောင့်ရှောက်ရေးနှင့်အသိပညာပေး အသင်း” MAP Foundation ဟု အမည် ပြောင်းခဲ့သည်။

**MAP** အသင်းမှ ကူညီပေးနိုင်မှုများ အလုပ်သမားအခွင့်အရေးနှင့် ပတ်သက်သောအသိပညာများနှင့် အကြံအဉာဏ်များဖြန့်ဝေခြင်း၊ အမျိုးသမီးအခွင့်အရေးများ၊ ဥပဒေနှင့်ပတ်သက်သောစည်းကမ်းများ၊ **HIV၊ AIDS** ရောဂါ အပါအဝင် အခြေခံ ကျန်းမာရေး အသိပညာများ၊ ဆွေမျိုးမရှိသောလူနာများ၊ ဆေးရုံသို့သွားရန်လမ်းမသိသော လူနာများကိုဆေးရုံသို့ ရောက်အောင်ကူညီပို့ဆောင်ပေးခြင်း၊ ထိုင်းစကားမသိသော တိုင်းရင်းသား လူနာများအတွက် လိုအပ်လျှင် ရှမ်း၊ ဗမာ၊ ကရင်လားဟူ နှင့် အာခါ စသည့် ဘာသာစကားများကို ဘာသာပြန်ပေးခြင်း စသည်များကူညီပေးသည်။

အထက်ပါ အသိပညာများကို ဖြန့်ဝေနိုင်ရန်အတွက်

❶ အသိပညာပေး မှတ်စုစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ရှမ်း၊ ဗမာ၊ ကရင်၊ လားဟူ စသည့်ဘာသာဖြင့် ထုတ်ဝေသော ကြေညာစာများ၊

❷ တိုင်ပင်ဆွေးနွေးခြင်း နှင့် အကြံဉာဏ်ပေးနိုင်ခြင်း၊ အလုပ်သမားအချင်းချင်း အသိပညာဆွေးနွေးဖလှယ်နိုင်ရန်အတွက် တွေ့ဆုံပွဲများပြုလုပ်ပေးခြင်း၊ အမျိုးသမီးချင်း၊ **HIV/ AIDS** ရောဂါကူးစက်ခံရသူချင်း၊ ကာလတို အသိပညာ သင်တန်းဖွင့်လှစ်ပေးခြင်း၊ ကွင်းဆင်းပြီး အလုပ်သမားဘဝအတွေ့အကြုံ များနှင့် အသိပညာဖလှယ်ခြင်း။

❸ **VCD** ရုပ်၊ သံများထုတ်ဝေခြင်းနှင့် ကရင်၊ ဗမာ၊ ရှမ်းစသည့်ဘာသာများဖြင့် ရေဒီယိုအသံလွှင့် ဌာနမှထုတ်လွှင့်ခြင်း။ **MAP** မှထုတ်လွှင့်သော အစီအစဉ်များကို နားထောင်လိုလျှင်ချင်းမိုင် **FM** ၉၉ **MHz** ၊ မဲဆောက် **FM** ၁၀၂ . ၅ **MHz** ဖြင့် လည်းကောင်း **Website** www.mapradio.org ပေါ်တွင်လည်းနားဆင်နိုင်သည်။ ရှမ်းဘာသာအစီအစဉ်ကို ထိုင်းနိုင်ငံအတွင်းထုတ်လွှင့်သောရေဒီယိုအသံလွှင့်ဌာန **AM 1476 KHz** တွင်နံနက်နှင့် ညအချိန် **10.00 –11.00** အတွင်းတွင်နားဆင်နိုင်ပါသည်။



# လုပ်ငန်းခွင်တွင်း ဘေးကင်းလုံခြုံမှု

တိုင်းရင်းသားလူမျိုးများသည် အခြေအနေအရ မိမိမွေးရပ်ဌာနေမှ စွန့်ခွာပြီး တိုင်းတပါး နိုင်ငံရပ်ခြားဖြစ်သည့် ထိုင်းနိုင်ငံအပါအဝင် တခြားနိုင်ငံများစွာသို့ ရွှေ့ပြောင်းအလုပ်သမားများအ ဖြစ်လာရောက်အလုပ်လုပ်ကိုင်သူ များစွာရှိနေသည်။

ထိုင်းနိုင်ငံအတွင်းတွင် ရွှေ့ပြောင်းအလုပ်သမားများ လုပ်ကိုင်သော အလုပ်များမှာ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ စားသောက်ဆိုင်များ၊ အိမ်အကူ စသည့်လုပ်ငန်းများတွင် အများစု လုပ်ကိုင်ကြသည်။ ရွှေ့ပြောင်းအလုပ်သမားများ လုပ်ကိုင်သော လုပ်ငန်းများတွင် ကျန်းမာရေးရှုု့ ထောင့်မှ ကြည့်လျှင် ကျန်းမာရေးနှင့်မလွတ်ကင်းနိုင်။ လူတစ်ဦးတစ်ယောက်တွင် ဦးခေါင်းမှခြေဖျား အဆုံးအဖြစ်များဆုံး ရောဂါများမှာ ခေါင်းကိုက်ခြင်း၊ မျက်စိနာခြင်း၊ အအေးမိခြင်း၊ အပူကန်ခြင်း၊ လည် ပင်းနာ၊ ဇက်ကြောတက်၊ အကြောလွဲ၊ ခါးနာ၊ ခါးညောင်း၊ ခြေလက်နာခြင်း နှင့် တစ်ကိုယ်လုံးညောင်း ညာကိုက်ခဲမှု များ စသည့်ရောဂါများ ခံစားရလေ့ရှိသည်။

၎င်းရောဂါများသာမကတချို့သောသူများတွင် တစ်ကိုယ်လုံး ယားယံခြင်း၊ အစာအိမ်နာ ခြင်းနှင့် လိပ်ခေါင်း စသည့် ပြင်းထန်သည့် ရောဂါများလည်း ဖြစ်တတ်ကြသည်။ အထက်ပါ ပြောပြ ခဲ့သောရောဂါများသည်သဘာဝဖြစ်ရိုးဖြစ်စဉ်၊ နောက်ကြောင်းကံတရားကြောင့်ဟု တချို့သောသူ များယူဆကြမည်။

၎င်းရောဂါအခြေအနေများကို 'လုပ်ငန်းခွင်အန္တရာယ်ကင်းရေး' ရှုု့ထောင့်ဖြင့်ကြည့်လျှင် တချို့ရောဂါများသည်အပျော့စားမဟုတ်၊ သဘာဝဖြစ်ရိုးဖြစ်စဉ်မဟုတ်၊ နောက်ကြောင်း ကံတရား ကြောင့်မဟုတ်ပါ။ ရောဂါဖြစ်လာလျှင် ဘယ်ရောဂါမဆို ဖြစ်လာသည့် အကြောင်းရင်းသိအောင်ပြန် လည် လေ့လာဆန်းစစ်သင့်သည်။ ဥပမာ – ခါးနာ၊ ခါးကိုက်၊ ခါးညောင်း ဖြစ်နေသူတစ်ဦးသည်အ သက်အရွယ်ကြီးလာသောကြောင့်ဖြစ်တာလား။ အလေးမတာကြောင့်ဖြစ်လာတာလား။ စသည့် ဖြင့်အတွင်းအပြင်မဆို လေ့လာသုံးသပ်သင့်သည်။

အစာအိမ်ရောဂါဖြစ်ပြီဆိုလျှင်လည်းထို့အတူပင်မိမိကိုယ်တိုင်အချိန်မှန် မစားတာကြောင့် ဖြစ်ရသည်ဟု ထင်ကြမည် သို့သော်လည်း ဘာကြောင့်အချိန်မှန် အစာမစားနိုင်တာလဲမိမိတာဝန် ယူနေရသောလုပ်ငန်း အလောတကြီးလိုအပ်မှုကြောင့်အချိန်မှန်မစားနိုင်တာလား။ စသည်ဖြင့်ဖြစ် လာသည့် အကြောင်းရင်းသိအောင် လေ့လာဆန်းစစ်ရမည်။ ရောဂါဖြစ်လာသည့် အကြောင်းရင်း သိပြီဆိုလျှင် အလုပ်သမားများ အလုပ်ကြောင့် ရောဂါဖြစ်လျှင် အလုပ်သမားများ ရသင့်ရထိုက်သည့် အခွင့်အရေးများကို တစ်ဆင့်ချင်းလေ့လာကြည့်ပါ။

ဒီတစ်ကြိမ် ပထမပိုဒ် အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ မိမိဖြစ်နေသောရောဂါသည် သဘာဝဖြစ်ရိုးဖြစ်စဉ် ကြောင့်လား၊ အလုပ်ခွင်တွင်း မိမိထမ်းဆောင်နေရသော တာဝန်ကြောင့် ဖြစ်ရတာလားစသည်ဖြင့် မိမိကိုယ်တိုင် လေ့လာ သုံးသပ်ကြည့်တတ်ရန် လမ်းစဖွင့်ပေးခြင်းဖြစ်သည်။

နောက်တစ်ကြိမ်ဒုတိယပိုဒ်အဖြစ် ရွှေ့ပြောင်းအလုပ်သမားများလုပ်ငန်းခွင်အတွင်းထိခိုက် ဒဏ်ရာများ(သို့) ရောဂါများရလျှင် ရသင့်သော အခွင့်အရေးမည်မျှရှိကြောင်း သိရှိရန်နှင့် အလုပ်သ မားအခွင့်အရေးတန်းတူရရှိအောင် အသုံးပြုတတ်ရန် ရည်ရွယ်ပြီး ထုတ်ဝေပေးသွားမည်ဖြစ်သည်။



# ရွှေ့ပြောင်းအလုပ်သမားများနှင့် လူမှုဖူလုံရေးခံစားခွင့်

ထိုင်းသက္ကရာဇ် ၂၅၅၂ နှစ်ဦးပိုင်းမှစတင်၍ထိုင်းအစိုးရကမြန်မာနိုင်ငံမှရွှေ့ပြောင်းအလုပ်သမားများအတွက် ထိုင်းနိုင်ငံသို့တရားဝင် ဝင်ရောက်အလုပ်လုပ်ကိုင်ကြသောအလုပ်သမားများအဖြစ်သို့ပြောင်းလဲရန် မူဝါဒတစ်ရပ်ထုတ်ပြန်ခဲ့သည်။ ထိုမူဝါဒအရ ရွှေ့ပြောင်းအလုပ်သမားများအားလုံးသည်နိုင်ငံသားစီစစ်ရန်၊ထို့နောက်စစ်တမ်းအရအချက်အလက်ပြည့်စုံသောအလုပ်သမားများအားအလုပ်လုပ်ခွင့် လက်မှတ်ဆက်လက် လျှောက်ထားရန်နှင့်၊ အချက်အလက်ပြည့်စုံသောအလုပ်သမားများအား အလုပ်သမား ဆိုင်ရာဥပဒေအရ ထိုင်းအလုပ်သမားများနှင့်တန်းတူအခွင့်အရေးခံရမည့်အပြင်၊ လူမှုဖူလုံရေး အက်ဥပဒေ ၂၅၃၃ အရလူမှုဖူလုံရေး ရံပုံငွေ ခံစားခွင့်ရရန်နှင့် သန်းခေါင်စာရင်းဝင်ရန်စသည့် မူဝါဒများထုတ်ပြန်ခဲ့သည်။

## ရံပုံငွေပေးသွင်းခြင်း

လူမှုဖူလုံရေးရံပုံငွေ ထည့်ဝင်သည့်စနစ်သည် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရအဖွဲ့မှ သုံးပွင့်ဆိုင်၍ လစဉ်ရံပုံငွေထည့်သွင်းခြင်းဖြစ်သည်။ အလုပ်ရှင်သည် မိမိအလုပ်သမား၏ လစာထဲမှ လစဉ် ၅ ရာခိုင်နှုန်းကို လူမှုဖူလုံရေးရံပုံငွေအဖွဲ့သို့ ပေးသွင်းရမည်ဖြစ်ပြီး အလုပ်ရှင်မှ လည်း ၅ ရာခိုင်နှုန်းထည့်ဝင်ပေးရမည့်အပြင်ကျန်သော ၅ ရာခိုင်နှုန်းကို အစိုးရမှ၂.၇၅ ရာခိုင်နှုန်း ထည့်သွင်းပေးရမည်ဖြစ်သည်။

## လူမှုဖူလုံရေးလျှောက်လွှာ တင်ရန်အတွက် အလုပ်သမားဖက်မှ ပြင်ဆင်ရမည့် စာရွက်စာတမ်းများ

1. ပထမဆုံးအကြိမ် လျှောက်လွှာတင်မည့်အလုပ်သမားများတွက်လူမှုဖူလုံရေး လျှောက်လွှာပုံစံ (ဆောင်ပေါဆောင် ၁–၀၃)
2. နိုင်ငံတော်အစိုးရမှ လုပ်ခွင့်ပေးထားသောအလုပ်လုပ်ခွင့်လက်မှတ်မိတ္တူ
3. ယာယီပတ်စပို့မိတ္တူ

အလုပ်ရှင် သို့မဟုတ် ကုမ္ပဏီမှရက်ပေါင်း ၃၀ အတွင်းသန်းခေါင်စာရင်းပေးသွင်းရန်ပျက်ကွက်ခဲ့ပါက လူမှုဖူလုံရေးအက်ဥပဒေအရ ထောင်ဒဏ် ၆ လ သို့မဟုတ် ဒဏ်ငွေဘတ် (၂၀၀၀၀) သို့မဟုတ် ပြစ်ဒဏ် ၂ ခုစလုံးခံရမည်ဖြစ်သည်။

## လူမှုဖူလုံရေးရံပုံငွေဌာနတွင် သန်းခေါင်စာရင်းသွင်းထားသူများအတွက်ခံစားခွင့်များ

1. လုပ်ငန်းခွင်ပြင်ပ၌ မမာမကျန်း သို့မဟုတ် မတော်တဆ ထိခိုက်မှုများဖြစ်သည့် အလုပ်သမားများအတွက် မိမိတို့စာရင်းသွင်းထားသောဆေးရုံ၌ဦးစားပေးကုသရမည်။ ထိုခံစားခွင့်ရရန်အတွက်အလုပ်သမားသည် လူမှုဖူလုံရေးရံပုံငွေဌာနသို့ ၁၅ လ အတွင်း အနည်းဆုံး ၃ လ စာရံပုံငွေပေးသွင်းပြီးသားဖြစ်ရမည်။

2. အမျိုးသမီးအလုပ်သမားများအတွက် မီးဖွားစဉ်ကာလနှင့် အလုပ်နားသည့်ကာလအတွက် သတ်မှတ်ထားသည့် ငွေကြေးပမာဏနှင့် ဆေးကုသစရိတ်အတွက် ခံစားခွင့်ရရှိမည်ဖြစ်ပြီး၊ အလုပ်သမားသည်လည်း အနည်းဆုံး ၁၅ လအတွင်း လူမှုဖူလုံရေးရုံးသို့ (၇)လစာထိ ရံပုံငွေပေးသွင်းထားသော သူမှသာလျှင် ခံစားခွင့် ရမည်ဖြစ်သည်။

3. ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရပြီး ခွဲစိတ်ကုသမှုကုန်ကျစရိတ် နှင့် အလုပ်နားရသည့် ကာလအတွက်သတ်မှတ်ထားသော နစ်နာကြေးအတွက် ခံစားခွင့်များရရှိသည့်အပြင် နေကောင်းကျန်းမာလာချိန်ထိ စောင့်ဆိုင်းနေရသည့် အချိန်အတွက်လည်း ခံစားခွင့်ရရှိမည်ဖြစ်သည်။ သို့သော် ထိုခံစားခွင့်များအတွက် အလုပ်သမားသည် ၁၅ လ အတွင်း လူမှုဖူလုံရေးရုံးသို့ အနည်းဆုံး(၃) လစာသွင်းထားသောသူ ဖြစ်ရမည့်အပြင် ဆရာဝန်ထံမှ ထောက်ခံစာနှင့်တကွသွားရောက်ထုတ်ယူနိုင်ပါသည်။

4. လူမှုဖူလုံရေးတွင် အဖွဲ့ဝင်ထားသောအလုပ်သမားသည် သေဆုံးခဲ့သော် ထိုအလုပ်သမားအတွက် အသုဘစရိတ်နှင့်နစ်နာကြေးကို ရရှိမည်ဖြစ်သည်။ သို့သော်ထိုခံစားခွင့်ရရှိရန်အတွက် အလုပ်သမားသည် လူမှုဖူလုံရေးရုံးသို့ ၆ လအတွင်း အနည်းဆုံး ၁ လစာ ရံပုံငွေပေးသွင်းထားသောသူဖြစ်ရမည်။

5. သန်းခေါင်စာရင်းသွင်းထားသူနှင့်သက်ဆိုင်သောသားသမီးများအတွက်ကလေးတစ်ဦးလျှင် တစ်လ ဘတ် ၄၀၀ ခံစားခွင့်ရရှိမည်ဖြစ်ပြီး ကလေးအသက် ၆နှစ်အထိထုတ်ယူနိုင်ပါသည်၊ သို့သော်လည်း သားသမီး ၂ ယောက်အတွက်သာခံစားခွင့်ရမည်ဖြစ်သည်။ ထိုခံစားခွင့်အတွက်အလုပ်သမားသည် ၃၆ လအတွင်းအနည်းဆုံးရံပုံငွေ ၁၂ လ သွင်းထားပြီးမှသာသွားရောက်ထုတ်ယူနိုင်သည်။

6. အသက်ကြီး ပင်စင်ခံစားခွင့်အတွက် အသက် ၅၅ နှစ်ပြည့်သည့်အချိန်မှ စတင်ခံစားခွင့်ရရှိမည်ဖြစ်ပြီး အနည်းဆုံး ၁၈၀ လ ရံပုံငွေထည့်သွင်းပြီးသားသူဖြစ်ရမည်။



❼ လုပ်ငန်းမှရပ်နားခြင်းခံရသော အလုပ်သမားတစ်ဦးသည် မိမိရရှိသောလစာ၏ ၅၀ ရာခိုင်နှုန်းနှင့်ရက်ပေါင်း ၁၈၀ အတွက်နစ်နာကြေးခံစားခွင့်ရရှိမည်ဖြစ်သည်။ အလုပ်သမားသည် လုပ်ငန်းခွင်မှ ကိုယ်တိုင် နှုတ်ထွက်ခဲ့လျှင်သော်လည်းကောင်း၊ အလုပ်ရှင်နှင့် ချုပ်ဆိုထားသောစာချုပ်ပြီးဆုံးသွားခဲ့လျှင် သော်လည်းကောင်း လုပ်ငန်းအသစ်ရှာရန်စောင့် ဆိုင်းနေရသည့်ကာလအတွက် လစာမှ ၃၀ ရာခိုင်နှုန်းကို ရက်ပေါင်း ၉၀ ထက်မကျော်သည့် နစ်နာကြေးခံစားခွင့်များရရှိမည်ဖြစ်သည် (၁၅ လအတွင်း အနည်းဆုံးရံပုံငွေ ၆လထည့်ပြီးသားသူ ဖြစ်ရမည်)။

အထက်ပါအချက်များထဲမှ အမှတ်စဉ် ၄ ထိ လုပ်ငန်းခွင်မှ ထွက်ပြီး ရံပုံငွေထည့်ရန်ပျက်ကွက်ခဲ့သည်ရှိသော် ထိုအချိန်မှစ၍ ၆ လ အထိခံစားခွင့်ရှိသေးသည်။

လူမှုဖူလုံရေးရံပုံငွေထည့်ထားသော အလုပ်သမားတိုင်း မည့်သည့်မြို့နယ်နှင့်ခရိုင်တွင်းဆို လူမှုဖူလုံရေးခံစား ခွင့်နှင့် နစ်နာကြေးအား ဖုန်းမှတဆင့်သော်လည်းကောင်း၊ စာတိုက်မှတဆင့် သော်လည်းကောင်းဆက်သွယ်မေးမြန်းနိုင်သည်။ ထို့ပြင်ခွင့်လူမှုဖူလုံရေးရုံးမှ ခံစားခွင့်ပြုထားသည့် လျှောက်လွှာနှင့်တကွ ခံစားခွင့်များကို တောင်းဆိုနိုင်သည်။



## ၂၀၁၄ မှတ်တမ်း အလုပ်သမားတို့ သိသင့်သိထိုက်သောဥပဒေ

❶ အကယ်၍အလုပ်ရှင်ကအာမခံငွေမပေးလျှင် (သို့မဟုတ်) လုပ်အားခမပေးလျှင် (သို့) အချိန်ပိုလုပ်အားခ (သို့) ရုံးပိတ်ရက် လုပ်အားခနှင့်ရုံးပိတ်ရက်အချိန်ပို လုပ်အားခမပေးခြင်း (သို့)ရုံးပိတ်ရက်နှင့်အထူးရက်တွေမှာအလုပ်ရှင်ကအလုပ်ချိန်းလုပ်ခိုင်းပါကလုပ်ငန်းပြင်ပအချိန်ဖြစ်သည့်အတွက်တနှစ်လျှင်၁၅ ရာခိုင်နှုန်း ပေးလျော်ရမည်။

❷ အလုပ်ရှင်သည်အသက်ငယ်ရွယ်ကလေးအလုပ်သမားများအားအာမခံလျှော့ကြေးထားခွင့်မရှိပါအလုပ်မလုပ်မှီ(သို့)လုပ်အားခပေးမည့်ရက် မတိုင်မှီအလုပ်ရှင်ကအလုပ်သမားလစာကိုတခြားသူများအားလွှဲပြောင်းမပေးရ။

❸ အလုပ်ရှင်(သို့)အလုပ်ခေါင်းဆောင်လုပ်ငန်းကြီးကြပ်ဆောင်ရွက်သူ(သို့)လုပ်ငန်းကြီးကြပ်ကွပ်ကဲသူဖြစ်စေ ပိုမိုတာဝန်ယူခိုင်းခြင်း နှင့်အချိန်ပိုခိုင်းခြင်းများ (သို့)အလုပ်သမားများအားချိန်းခြောက်ခြင်းများမလုပ်ရ။

❹ အလုပ်ရှင်က အလုပ်လုပ်ချိန်သတ်မှတ် ပေးရမည်။ အလုပ်ဆင်းချိန်နှင့် အလုပ်ရပ်နားချိန်ပြောပြရမည်၊ တနေ့တာအလုပ်လုပ်ချိန်မှာ (၈) နာရီထက်မပိုရ။

❺ အောက်ပါလုပ်ငန်းများ၌ အမျိုးသမီး အလုပ်သမားများအားမခိုင်းသင့်ပါ။

(၁) ကျောက်သတ္တုလုပ်ငန်း ၊ မြေအောက် ၊ ရေအောက်၊ ဂူတွင်းနှင့် နက်ရှိုင်းသော ဂူတွင်းဆောက်လုပ်ရေးများ နှင့် မြင့်မားသောတောင်ထိပ်လိုနေရာများ။

(၂) ၁၀ မီတာထက်မြင့်သော ယမ်းဆင်ထားသည့်နေရာ။

(၃) ပေါက်ကွဲစေသောလုပ်ငန်း (သို့)ပေါက်ကွဲစေပြီး မီးလောင်လွယ်သော အရာဝတ္ထုများပါပစ္စည်းသည်ယူပို့ဆောင်မှု။

❻ ကိုယ်ဝန်ဆောင် မိခင်အလုပ်သမားများ အိုတီ(Over Time) ည ၁၀ နာရီနှင့် မနက် ၆ နာရီကြားအချိန်များတွင် အလုပ်နားရက်အတွင်း (သို့)အောက်ဖော်ပြပါအလုပ်များ မခိုင်းရ။

(၁) တုန်ခါအားမြင့်စက်ပစ္စည်း ကိရိယာများနှင့်သက်ဆိုင်သောအလုပ်။

(၂) ကွန်တင်နာယာဥ်မောင်းခြင်း (သို့)လိုက်ပါသွားခြင်းများနှင့်ဆက်စပ်သောအလုပ်။

(၃) ၁၅ ကီလိုဂရမ်ထက်လေးသောပစ္စည်း မယူခြင်း၊ထမ်းရွက်ခြင်း၊ သယ်ခြင်း ဆွဲခြင်းတွန်းလုပ်ရသော လေးလေးပင်ပင်အလုပ်မျိုး။

(၄) သင်္ဘောလိုက်ခြင်း။

(၅) အစိုးရက ပိတ်ပင်တားဆီး (ခွင့်မပြုသော) အလုပ်။

# အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အရှေ့တောင်အာရှနိုင်ငံ ၅ နိုင်ငံ (အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံ) တို့သည်အာဆီယံကြေညာစာတမ်းကို ဘန်ကောက်မြို့တွင်လက်မှတ်ရေးထိုးခဲ့သည်။ ထိုနိုင်ငံများအသင်းသို့ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ မြန်မာ နှင့် ကမ္ဘောဒီးယား နိုင်ငံတို့က နောက်ပိုင်းတွင် လာရောက်ပူးပေါင်းပါဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှအာဆီယံအဖွဲ့ဝင်ဖြစ်လာသည်။ဘန်ကောက်ကြေညာစာတမ်းတွင်ပြဋ္ဌာန်းထားသည့် အတိုင်း အာဆီယံအဖွဲ့စတင်သည့်အချိန်မှစ၍ထိုအဖွဲ့၏ အဓိကရည်မှန်းချက်အချို့မှာ ဒေသတွင်း စီးပွားရေးရှင်သန်တိုးပွားစေရေး၊ လူမှုရေးတိုးတက်ရေးနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးတို့ကို အရှိန်မြှင့် ဆောင်ရွက်ရန်ဖြစ်ပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးကို ၂၀၁၄ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်လက်ခံသည်။ ထိုသို့အာဆီယံဥက္ကဋ္ဌ ဖြစ်လာခြင်းက မြန်မာနိုင်ငံအပေါ်ယခင်ကချွဲခြားဆက်ဆံထားသော နိုင်ငံခြားရေးမူဝါဒကို ဖယ်ရှားနိုင်ရေးအပြင်နိုင်ငံရေးအရတရားဝင်ဖြစ်လာပြီးစီးပွားရေး လည်း ဖွံ့ဖြိုးလာနိုင်မည့်အခွင့် အလမ်းများ ရရှိလာနိုင်သော အရေးကြီးသည့် နှစ်တနှစ် ဖြစ်သည်။

နေပြည်တော်တွင် နိုဝင်ဘာ ၁၀ မှ ၁၂ အထိ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေး အပေါ်အားလုံးကအာရုံစိုက်နေကြသည်။ မြန်မာက 'ရှေ့သို့တူညီတက်လှမ်းချီ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ' ဟူသော ဆောင်ပုဒ်ကို ရွေးချယ်ထားသည်။ ၂၀၁၄ ခုနှစ်သည်အာဆီယံစီးပွားရေး အသိုက်အဝန်း(AEC)ကိုတရားဝင်မစတင်ခင်နောက်ဆုံးနှစ်ဖြစ်သောကြောင့်အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာ၏ အခန်းကဏ္ဍ သည် နှစ်ဆအရေးကြီးသည်။ ထိုအာဆီယံစီးပွားရေး အသိုက်အဝန်း၏ အဓိကမျှော်မှန်းချက်မှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ထုတ်လုပ်မှုအခြေခံ ဈေးကွက်တခု တည်းအဖြစ် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။ လုပ်သားများ လွယ်လင့်တကူ ကူးသန်းသွားလာ နိုင်မှု ဆိုသည်မှာ ကျွမ်းကျင်လုပ်သားများအတွက်သာ ဖြစ်သည်ကို သိမှတ်ထားရပါမည်။ မကြာတော့သော အနာဂတ်တွင် AEC လူမှုအဆောက်အအုံ၌ ကျွမ်းကျင်မှုမရှိသော သာမာန်အလုပ်သမားများအတွက်လည်း ထဲ့သွင်း စဉ်းစားမည်ဟု မျှော်လင့်ရပါသည်။

သို့သော်အာဆီယံတွင်အဖွဲ့ဝင်နိုင်ငံများအတွက်ဒေသတွင်းလူ့အခွင့်အရေးနှင့်ရွှေ့ပြောင်း လုပ်သားအခွင့်အရေးတို့ကိုထပ်လောင်းအာမခံမည့်မူဘောင်တခုရှိထားသည်။ ၂၀၁၂ခုနှစ်နိုဝင်ဘာ လတွင်သဘောတူထားသည့်အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်းတွင်ရွှေ့ပြောင်းလုပ်သား များ၏ အခွင့်အရေး များမှာ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကဲ့သို့ပင် လွှဲပြောင်း၍မရ၊ထိုလူ့အခွင့်အရေးများနှင့် တသားတည်းဖြစ်ပြီး ခွဲခြားမရနိုင်ဟူသော အချက်တို့ကို ထဲ့သွင်းရေးဆွဲထားသည်။ ထို့အပြင် အာဆီယံအဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာစာတမ်းကို သဘော

တူထားသည်။ မူဘောင်စာချုပ် သဘောတူရေးမှ တဆင့် ကြေညာစာတမ်းကို အကောင် အထည် ဖော်ရန် ထိုသဘောတူညီချက် အကောင်အထည်ဖော်ရေးကော်မတီ (ACMW) ကိုသီးသန့်ဖွဲ့ စည်းထားသည်။ ယခုနှစ်တွင် ထိုကော်မတီ ဥက္ကဋ္ဌမှာ မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဖြစ် သည်။

ACMW သည် ရွှေ့ပြောင်းလုပ်သားဆိုင်ရာ အာဆီယံ နှစ်ပတ်လည် ဖိုရမ်ဖြစ်မြောက်ရေး အတွက်ဦးဆောင်သည်။ ထိုဖိုရမ်တွင် ကော်မတီသည် နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် အာဆီယံ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အလုပ်အဖွဲ့ (TF–AMW) တို့နှင့် ပူးပေါင်းဆောင်ရွက် သည်။ ထိုအလုပ်အဖွဲ့၏အခန်းကဏ္ဍသည်ဖိုရမ်အတွက် လူမှုအခြေပြုအဖွဲ့များနှင့်သက်ဆိုင်ရာပါ ဝင်သူများမှအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများဖြစ်မြောက်ရေး ပြင်ဆင်သည့်အပိုင်းတွင်ပံ့ပိုး ဆောင်ရွက်ရန် ဖြစ်သည်။ ယနေ့အချိန်အထိ ထိုအလုပ်အဖွဲ့သည် နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ဆွေးနွေးညှိနှိုင်းပွဲများကို ဆောင်ရွက်ပြီး ဖြစ်သည်။ ထိုအာဆီယံ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာအ လုပ်အဖွဲ့သည် ရွှေ့ပြောင်း အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ရေး ဆိုင်ရာအာဆီယံမူဘောင်စာချုပ်တွင် မည်သည့်အချက်များ ပါဝင်သင့်သည်ကို ACMW ရေးဆွဲရေး အဖွဲ့သို့အကြံပြုချက်များပေးပို့မည် ဖြစ်သည်။ သို့သော်မူဘောင်စာချုပ်ရေးဆွဲရေးသည်ရွှေ့ပြောင်း အလုပ်သမားအများအပြားရှိသောတိုင်းပြည်များ(ထိုင်း၊ မလေးရှား၊ စင်္ကာပူ နှင့်ဘရူနိုင်း နိုင်ငံများ) ကသဘောမတူသောကြောင့်နှောင့်နှေးကြန့်ကြာနေခဲ့သည်မှာ ၂၀၀၉ ခုနှစ်ကတည်းက ဖြစ်သည်။



# မြန်မာရွှေ့ပြောင်းနေထိုင်သူများ၏ ပြောင်းရွှေ့မှု

ရွှေ့ပြောင်းနေထိုင်ခြင်းသည် လူသားတို့၏ ဖြစ်ပေါ်ပြောင်းလဲမှု သဘာဝဖြစ်ပြီးလူသားသမိုင်းတွင်အမြဲဖြစ်ပျက်နေသည့်အရာဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်ခြင်းသည်လူမှုရေးအရကသောင်းကနင်းဖြစ်မှုများ၊ စစ်ပွဲနှင့် တိုက်ခိုက်မှုများ၊ ဆင်းရဲမွဲတေမှု၊ အစားအစာရှားပါးမှု သို့မဟုတ် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှု စသည့် မတူကွဲပြားသောအကြောင်းခြင်းရာ အမျိုးမျိုးကြောင့် ဖြစ်ရသည်။ လူတို့သည် အလုပ်အကိုင် အခွင့်အလမ်း အတွက်၊ လက်ထပ်ထိမ်းမြားရန်အတွက် (သို့မဟုတ်)ယဉ်ကျေးမှုမတူကွဲပြားသော နိုင်ငံရပ်ခြား တွင် အတွေ့အသစ်များ ရရန်အတွက် စသည့်အကြောင်းအမျိုးမျိုးကြောင့်ရွှေ့ပြောင်းနေထိုင်ကြသည်။ထိုသို့ပြောင်းရွှေ့နေထိုင်သည့်ရလဒ်တွင်ကျွန်ုပ်တို့နေ့စဉ်ဘဝတိုးတက်စေသည့် လူတန်းစားစုံလူ့အဖွဲ့အစည်းတခုတွင်နေရခြင်း၊ ဦးတည်ရာနိုင်ငံ၏စီးပွားရေးတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် မိမိထွက်ခွာလာရာ ဒေသမှ မိသားစုများထံ ထောက်ပံ့ပေးနိုင်ခြင်းများ ပါဝင်သည်။

ရွှေ့ပြောင်းနေထိုင်ခြင်းသည် အသစ်ပေါ်ထွန်းလာသည့် ကိစ္စရပ်မဟုတ်ပါ။ ဆန့်ကျင်ဘက်ဆိုရသော်နေရာတိုင်းရှိလူသားအားလုံးသည်ကမ္ဘာတဝှမ်းသမိုင်းဝင်ပြောင်းရွှေ့နေထိုင်ခြင်း၏ ထုတ်ကုန်တခုဖြစ်သည်။ အစောဆုံး ဘီစီ ၈၀၀၀ ခန့်ကပင် ဟိုဘင်ဟီယန် (Hoabinhian) အမဲလိုက်သမားများ ပေါ်ပေါက်ခဲ့ပြီး မြန်မာ၊ ထိုင်းနှင့် လာအိုနိုင်ငံများအပါအဝင် အရှေ့တောင်အာရှ တလျှောက်ပျံ့နှံ့နေထိုင်ခဲ့ကြသည်။ မကြာခဲ့သောကာလများ တွင် အရှေ့တောင်အာရှရှိပြောင်းရွှေ့မှုများသည် ၁၉ ရာစုနှင့် ၂၀ ရာစုများအတွင်း ကိုလိုနီနယ်ချဲ့သည့်ကာလ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စစ်ပွဲများကြောင့်ဖြစ်သည်။ စစ်တပ်အုပ်ချုပ်ရေးကာလအတွင်း ယိုယွင်းခဲ့သော မြန်မာပြည်၏ စီးပွားရေးနှင့်လုံခြုံရေးအခြေအနေများက တိုင်းပြည်ရှိ လူဦးရေအများအပြား ထွက်ခွာသွားရစေ သည်။ ထိုအခြေအနေသည် ထိုင်းနိုင်ငံတွင် လုပ်သားလိုအပ်ချက် တိုးမြှင့်ခန့်ထားရမည့် စီးပွားရေးအောင်မြင်တိုးတက်နေသော ကာလနှင့် တိုက်ဆိုင်နေခဲ့သည်။ ထိုင်းနိုင်ငံစီးပွားရေးက ရွေးချယ်ပေးခြင်းမှာ လုပ်သား အပြောင်းအလဲ ဖြစ်သည်။ ထိုင်းအများစုသည် အောက်ခြေသိမ်းအလုပ်များ ဖြစ်သော (ခက်ခဲ၊ ညစ်ပတ်ပြီး အန္တရာယ်များလှသည့်) 'သရီးဒီ' အလုပ်များကို မရွေးချယ်ဘဲ (သို့မဟုတ်) ထိုကဲ့သို့အလုပ်မျိုးကိုပင် လစာပိုရသည့်နိုင်ငံခြားတိုင်းပြည်များ၌သွားရောက်လုပ်ကိုင်ရန်ဆုံးဖြတ်ကြသည်။ ထိုလုပ်သားကွာဟချက်ကိုဖြည့်ရန် ထိုင်းကျေးလက်ဒေသမှအလုပ်သမားများ၊ထိုင်းနိုင်ငံသို့ရောက်လာသော အိမ်နီးချင်း လာအို၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်သားများဖြင့် အစားထိုးကြသည်။

လွန်ခဲ့သည့် နှစ် ၅၀ အတွင်း မြန်မာနိုင်ငံမှ လူအများအပြားသည် ဆင်းရဲ မွဲတေမှု နှင့် (သို့မဟုတ်) မိခင်နိုင်ငံ အတွင်း ဖိနှိပ်ညှင်းပန်းမှုများမှ လွတ်မြောက်ပြီး ၎င်းတို့နှင့် ၎င်းတို့မိသားစုများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ဖန်တီးနိုင်ရန်အတွက် ရွှေ့ပြောင်းနေထိုင်သူများဖြစ်လာရသည်။ မဲခေါင်ဖိုရမ်မှ ရရှိသောအချက် အလက်များအရ ၂၀၁၃ ခုနှစ် တနှစ်တည်းတွင်

မြန်မာပြည်မှ ထွက်ခွာသူ ၁ ‘သသမ ၆ သန်းရှိသည်။ နိုင်ငံပြင်ပတွင်နေထိုင်သော လူဦးရေအရေအတွက်မှာများပြားသည်။ မကြာခင်က ကောက်ယူထားသော ၂၀၁၄ ခုနှစ်ပြည်လုံးကျွတ် သန်းခေါင်စာရင်းက လက်ရှိနေထိုင်သည့် လူဦးရေ ၅၁ ‘သသမ ၄ သန်းရှိသည်ဟုဆိုသည်။ ထိုစာရင်းအရ ခန့်မှန်းထားသည့် လူဦးရေထက် ၉ သန်းလျော့နေသည်။ ထို့ကြောင့် အများစုမှာ တိုင်းပြည်မှ ထွက်ခွာခဲ့ကြသည်ဟု သံသယ ရှိကြသည်။

မြန်မာပြည်မှ ထွက်ခွာခဲ့သော ရွှေ့ပြောင်းနေထိုင်သူများ၏ တရားဝင်အရေအတွက် မည်မျှရှိသည်ကို သေချာ မသိရဘဲ သက်ဆိုင်ရာတိုင်းပြည်၌ တရားဝင် မှတ်ပုံတင်ထားသည့် အရေအတွက်ထက် အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမား အများအပြားရှိသောကြောင့် အရေအတွက် အတိအကျရရန်လည်း ခက်ခဲသည်။ ရွှေ့ပြောင်းနေထိုင်ခြင်း ဆိုင်ရာ မူဝါဒဌာန (MPI) နှင့် ကုလသမဂ္ဂအေဂျင်စီတခုတို့၏ စာရင်းအရ ၂၀၁၃ ခုနှစ်အထိမြန်မာပြည်မှ ပြောင်းရွှေ့နေထိုင်သော လူဦးရေ ၁ သောင်းကျော်သည် နိုင်ငံ ၇ နိုင်ငံတွင် ရှိနေသည်။ ထိုင်းနိုင်ငံသည် မြန်မာပြည်မှ ဒုက္ခသည် ၁ သိန်း ၂ သောင်းနှင့် ကလေးသူငယ်များအပါအဝင် ရွှေ့ပြောင်းနေထိုင် သူ အနည်းဆုံး ၂ သန်းခန့်ကို လက်ခံထားသည်။ မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ အနည်းဆုံး ၂၄၈၀၀၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ ၁၉၈၀၀၀ ဦး၊ အမေရိကန် ပြည်ထောင်စုတွင် ၉၈၀၀၀ ဦး၊ ပါကီစ္စတန်တွင် ၉၃၀၀၀ ဦး၊ အိန္ဒိယတွင် ၅၂၀၀၀ ဦးနှင့် သြစတြေးလျတွင် ၂၄၀၀၀ ဦး ရှိသည်။ တောင်ကိုရီးယားသည် မြန်မာပြည်မှ ရွှေ့ပြောင်းလုပ်သား ၁ သောင်းနှင့် ဗီယက်နမ်သည် မြန်မာရွှေ့ပြောင်းလုပ်သား ၅ ထောင်ကိုလည်း အသီးသီး လက်ခံထားကြသည်။



# ပုဒ်မ/၁၈၉ အလုပ်သမားအဖွဲ့ အစည်း၏နိုင်ငံများအကြား ပါဝင်ချုပ်ဆိုသောစာချုပ်

ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမား အဖွဲ့အစည်းအဝေးမှ အိမ်တွင်းအလုပ်သမား (အိမ်ဖော်) များအတွက် တန်ဖိုးရှိသည့် သဘောတူညီချက်များ -------

၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ကမ္ဘာ့ရွှေ့ပြောင်းအလုပ်သမားများအတွက်ဇန်နဝါရီလ ( ) တွင် အကြိမ် ၁၀၀ မြောက်အစည်းအဝေး၌ အိမ်တွင်းအလုပ်သမားများကို အနိမ့်ဆုံး အဆင့်ဖြင့် ဆက်ဆံခံနေရခြင်းနှင့် ဂရုစိုက်မှုမရှိခြင်း ရှိနေသေးသည်။ အိမ်တွင်းအလုပ်သမားအများစု သည်အမျိုးသမီးများ၊ ကလေးငယ်များ၊ ဒုက္ခသည်များ စသည့်သူများဖြစ်သောကြောင့် လုပ်အားခ များကို အလွယ်တကူ ဖိနှိပ်နိုင်ခြင်း၊ အလုပ်သမားအခွင့်အရေးများ ဖိနှိပ်နိုင်ခြင်းစသည့် အချက်အ လက်ပါစာတမ်းကို ကမ္ဘာ့ကုလသမဂ္ဂ အဆင့်ထဲဝင်နိုင်ရန်တင်ပြခြင်း။ ဤသဘောတူညီချက်ကို ၂၀၁၁ ခုနှစ် ဇွန်လ ၁၆ ရက်နေ့အိမ်တွင်းအလုပ်သမားများနှင့်ပတ်သက်သည့် သဘောတူညီချက် ဟုခေါ်ဆိုသည်။ ဤသဘောတူညီချက်များ၏ ရည်ရွယ်ချက်မှာ

၁) အိမ်အလုပ်ဆိုသည်မှာ အိမ်တွင်း၌ လုပ်ရသောအလုပ် (သို့) အိမ်တစ်အိမ်တွင်လုပ်ရသော အလုပ်။

၂) 'အိမ်တွင်းအလုပ်သမား' ဆိုသည်မှာ ဘယ်သူမဆို သဘောတူညီချက်နှင့်အညီ လုပ်အား ခပေးပြီး အိမ်တွင်းအလုပ်များ လုပ်ဆောင်ရသူ တနည်းအားဖြင့် အိမ်ဖော်လုပ်သူ။



## သဘောတူညီချက်များကို ထောက်ခံသည့် အစိုးရအဖွဲ့ဝင်များ

အိမ်တွင်းအလုပ်သမား (အိမ်ဖော်) များအတွက် အားပေးခြင်း၊ ကာကွယ်ခြင်း စသည့် လူ့အခွင့်အရေးများရရှိရန် အတွက် သဘောတူညီချက်ပါ အချက်အလက်များကို ပြည့်ပြည့်ဝဝခံ စားနိုင်ရန် နှင့် အောက်ပါလုပ်ငန်းများအတွက် အားပေးခြင်း နှင့် အခြေခံလူ့အခွင့်အရေးဥပဒေကို တန်ဖိုးထားရန်အတွက် ဘယ်အစိုးရမဆို အခြေခံအဆင့်တိုင်းကို လိုက်နာဆောင်ရွက်ရန်။

- ✶ လွတ်လပ်သည့် ဆက်ဆံရေး နှင့် အခွင့်အရေးတိုင်ပင်ဆွေးနွေးရေး ကို ပြည့်ပြည့်ဝဝခံစားနိုင်ရန်။
- ✶ အလုပ်သမားများအပေါ် ဖိနှိပ်မှုများ ရပ်တန့်ရန်။
- ✶ ကလေးအလုပ်သမား အသုံးပြုမှုရပ်တန့်ရန်။
- ✶ ဝမ်းရေးရှာဖွေ စားသောက်မှုနှင့် လုပ်ငန်းများတွင် အဆင့်အတန်းခွဲခြားမှုမရှိစေရန်။

လုပ်အားခများ၊ အပေးအယူကိစ္စများ နှင့် စစ်ဆေးနိုင်သည့်ကိစ္စများကို အိမ်တွင်းအလုပ်သမား (အိမ်ဖော်) များ သိရှိနားလည်နိုင်ရန်အတွက် အစိုးရ အဖွဲ့ဝင်များ အဆင့်လိုက် လိုက်နာဆောင်ရွက်ရန်။ အိမ်တွင်းအလုပ်သမားများအတွက် လိုအပ်လျှင် နိုင်ငံတွင်းချမှတ်ထားသည့် ဥပဒေနှင့်အညီ စာတမ်းများပြုစုရန် (သို့) ဖြစ်နိုင်လျှင် အောက်ဖော်ပြမည့် အချက်အလက်များကို သဘောတူရန်။

- အလုပ်ရှင် နှင့် အလုပ်သမား အမည်၊ နေရပ်လိပ်စာ။
- အလုပ်လုပ်သည့် လိပ်စာနှင့် အလုပ်ဌားသည့်ချိန်။
- လုပ်ရမည့် အလုပ်အမျိုးအစား။
- လုပ်အားခ၊ လုပ်အားခတွက်ချက်နည်း နှင့် လုပ်အားခထုတ်ပေးသည့်ရက်။
- တစ်ရက်အလုပ်လုပ်ချိန်။
- တစ်နှစ်အတွင်း တရားဝင်နားရက်၊ တစ်လအတွက် တရားဝင်နားရက် နှင့် အလုပ်လုပ်သည့်နေ့နားချိန်
- နေထိုင်စားသောက်သည့် နေရာပေးခြင်း။( သဘောတူညီချက်ထဲပါလျှင်)
- အလုပ်လေ့လာချိန်။ ( အလုပ်ရှင်ဘက်မှ အလုပ်လေ့လာပြီးမှ အလုပ်ခန့်သည့် ပေါ်လစီရှိလျှင်)
- အလုပ်ရှင်နှင့်အလုပ်သမားသဘောတူညီချက်အတိုင်း အလုပ်ထွက်လိုလျှင် (သို့) အလုပ်သမားမဌားတော့လျှင် ကြိုတင်အသိပေးရန်။

အိမ်တွင်းအလုပ်သမား (အိမ်ဖော်) များတွင် ရသင့်ရထိုက်သည့် အလုပ်သမားအခွင့်အရေး၊ အလုပ်သမားဥပဒေတွင် ချမှတ်ထားသည့် လုပ်အားခ၊ တစ်ရက်အလုပ်လုပ်ချိန် သတ်မှတ်မှုများမရှိသေးရုံမက အိမ်ဖော်များကို ကာကွယ်ပေးသည့် ဥပဒေများ ထိုင်းနိုင်ငံတွင် မရှိသေးသောကြောင့် သဘောတူညီချက်ပါ စာချုပ်တွင် ထိုင်းနိုင်ငံ လက်မှတ်မထိုးခြင်းဖြစ်သည်။

ကကယ်၍ ထိုင်းနိုင်ငံသည် သဘောတူညီချက်ပါစာချုပ်တွင် လက်မှတ်ထိုးပါကစာချုပ်ပါအချက်အလက်အားလုံးကို ထိုင်းနိုင်ငံက လိုက်လျှောရမည်ဖြစ်ပြီးအိမ်ဖော်များအတွက်ကာကွယ်မှုနှင့် ဘဝအခြေအနေများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

# အခွင့်အရေးကာကွယ်ပေးမှု နှင့် အခွင့်အရေးရရှိခြင်း

အသက် ၁၇ နှစ်အရွယ် မိန်းမပျိုလေး နမ့် သည်ထိုင်းနိုင်ငံ ချင်းမိုင်ခရိုင်တွင်မှီတင်းနေထိုင်သူတစ်ဦးဖြစ်သည်။ နမ့်ကို ထိုင်းနိုင်ငံ ချင်းမိုင်တွင် မွေးဖွားပြီး သက်သေအဖြစ်မွေးလက်မှတ်သာရှိပြီးထိုင်းနိုင်ငံ၏ နိုင်ငံရေးအခြေအနေကြောင့် နိုင်ငံသားကဒ်ပြားမရရှိသေးပါ။ နမ့်၏ ဖခင်သည်ဗမာအမျိုးသားဖြစ်ပြီး မိခင်ဖြစ်သူမှာ ထိုင်းအစိုးရထုတ်ပေးသည့် ၁၀ နှစ်ကဒ် ကိုင်ဆောင်ထား သူဖြစ်သည်။ နမ့် မိခင်သည် နမ့် နိုင်ငံသားကဒ်ပြားရရှိရေးအတွက် ဒီတခေါက်တွင်မက်(ပ်)အဖွဲ့၏ ရှေ့နေနှင့်မတွေ့ရပါ။ သို့သော်လည်း နမ့်ကိုနမ့်ရဲ့သူငယ်ချင်း ဖခင်မှ သားမယားပြုကျင့်ပြီးနမ့်ကိုယ်ဝန်ရရှိသည့်ကိစ္စကို လာရောက်တိုင်ပင် ဆွေးနွေးသည်။

နမ့်အနိုင်ကျင့်သားမယားပြုကျင့်ခံရသည့်အကြောင်းကိုရဲစခန်းသို့နမ့်၏မိခင်မှအကြောင်းကြားထားသော်လည်း အခြေအနေထူးခြားမှု အရှိသေးသောကြောင့် မက်(ပ်) အဖွဲ့၏ ရှေ့နေထံလာရောက် အကူအညီတောင်းရာ မက်(ပ်) အဖွဲ့၏ ရှေ့နေမှ တိုင်ပင်ခံပုဂ္ဂိုလ် အဖြစ်ကူညီဆောင်ရွက်ပေးသည်။ နမ့်အနိုင်ကျင့်ခံ သားမယားပြုကျင့်ခံရခြင်းသည် ထိုင်းနိုင်ငံချမှတ်ထားသည့် ဥပဒေတွင်နမ့်သည် နစ်နာသူတစ်ဦးဖြစ်နေပြီး ဤသို့သားမယားပြုကျင့်ခြင်းသည် ကြီးမားသည့် ပြစ်မှုဖြစ်သည်။ (ဤ အမှုမျိုးတွင် နစ်နာသူဘက်မှ တိုင်ကြားခြင်းမရှိသော်လည်း ရဲစခန်းမှ အပြစ်ပေးနိုင်သည့် အမှုဖြစ်သည်)။ ဤအမှုကို ကျူးလွန်သောသူများသည် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ်ကျခံရသည့် အမှုဖြစ်သည်။

နမ့် သားမယားပြုကျင့်ခြင်းခံရသည့် အဖြစ်အပျက်အားလုံးကို နမ့်မိခင်မှ ရဲစခန်းသို့တိုင်ကြားပြီး အမှုဖွင့်ရန် စီစဉ်နေမှုများသည် မှန်ကန်နေသော်လည်း နှောင့်နှေးမှုရှိနေသောကြောင့် မက်(ပ်) အဖွဲ့၏ရှေ့နေမှ ရဲစခန်းသို့ ဆက်သွယ်ပြီး ဘာများ အခက်အခဲရှိသေးကြောင်းကိုမေးမြန်းပေးမည်ဖြစ်သည်။

အဆင့်လိုက်သွားမည်ဆိုလျှင် ရဲစခန်းတွင် အကြောင်းကြားပြီးလျှင် ရဲစခန်းမှ နမ့် ကြုံခဲ့ရသည့် အဖြစ်အပျက်များကို သက်သေအထောက်အထားများရရှိရန် လူတွေ့ခေါ်ယူစစ်ဆေးမည်။ ရဲစခန်း၌ စစ်ဆေးချိန်တွင်လည်း ဥပဒေတွင်ချမှတ်ထားသည့်အတိုင်း စစ်ဆေးခန်းထဲတွင် ရှိရမည့်သူများမှာ တာဝန်ရှိရဲ၊ လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ဦး၊ ရှေ့နေ၊ ကလေး၏အုပ်ထိန်းသူ စသည့်သူများ ရှိရပြီး စစ်ဆေးနေချိန်တွင်လည်း ဗွီတီအိုများ ရိုက်ထားရမည်။ ပြီးနောက်တွင် အပြစ်ရှိသူကိုရဲများစစ်ဆေးချိန်၊ သက်သေအထောက်အထားရှာချိန် စသည်တို့ပြုလုပ်ပြီး ရဲစခန်းမှအမှုချမှတ်ပြီး တရားရုံးသို့ ဆက်လက်ပို့ဆောင်ပေးသည်။ တရားရုံးသို့ အမှုတင်သွင်းရန်အတွက် ရဲစခန်းမှ အပြီးပြုလုပ်ပေးရမည်။ ရဲစခန်းတွင် သက်သေအထောက်အထား ရှာချိန်သည် ၃ လထက်မပိုရ။

နမ့်၏ အမှုကို အဆက်မပြတ်လေ့လာနိုင်ရန်အတွက် မက်(ပ်)အဖွဲ့၏ ရှေ့နေ နှင့် အတူ နမ့်မိခင် ပါဝင်ရောက်နားထောင်ရန် မက်(ပ်) အဖွဲ့မှ အကြံပေးခဲ့သည်။ တရားရုံးတွင် နမ့်၏အမှုကို အချိန် ၁၀ လကြာ လေ့လာသုံးသပ်ခဲ့ပြီးတရားရုံးမှ အပြစ်ကျူးလွန်သူကိုထောင်ဒဏ် ၅ နှစ် ၄ လ ချမှတ်လိုက်သည်။ နစ်နာကြေးအတွက် အပြစ်ကျူးလွန်သူထံ၌ တောင်းခံနိုင်သော်လည်း (အပြစ်ကျူးလွန်သူမှာငွေကြေးမရှိသောကြောင့်)မက်(ပ်)အဖွဲ့မှအပြစ်ကျူးလွန်သူထံနစ်နာကြေးမတောင်းပဲလူ့အခွင့်အရေး ကာကွယ်ရေးရုံးခွဲထံ နစ်နာကြေးတောင်း ယူရန်စီစဉ်ခဲ့သည်။ လူ့အခွင့်အရေး ကာကွယ်ရေးရုံးတွင် ချမှတ်ထားသည့် ဥပဒေတွင် အမျိုးသမီးများ အနိုင်ကျင့်ခံရမှုကို ကူညီရန်အချက်ပါသောကြောင့် လူ့အခွင့်အရေးကာကွယ်ရေးရုံးမှ နမ့်အတွက် နစ်နာကြေးအဖြစ် ဘတ်ငွေ ၃ သောင်း ပေးရန်သဘောတူခဲ့သည်။

နစ်နာကြေးငွေကို ချက်လက်မှတ်ဖြင့် ထုတ်ပေးသောကြောင့် ဘဏ်မှ ငွေထုတ်ယူရန်နိုင်ငံသားကဒ်မရှိသေးသော နမ့်အတွက် အခက်အခဲများရှိနေသောကြောင့် ဘဏ်မှငွေထုတ်ယူရန်အချိန်ယူရသေးသည်။

ဘဏ်မှာငွေထုတ်ယူရန်အတွက် အခက်အခဲရှိနေကြောင်းကို မက်(ပ်) ရှေ့နေမှလူ့အခွင့်အရေးရုံးထံသို့ စာရေးအကြောင်းကြား ပေးရသည်။ နောက်ဆုံးတွင် လူ့အခွင့်အရေးရုံးမှ မက်(ပ်) ရှေ့နေ၏ တောင်းဆိုချက်ကို လိုက်လျှောပေးခဲ့သော်လည်း မက်(ပ်) ရှေ့နေအမည်ဖြင့် ဘဏ်မှငွေထုတ်ယူရန် မရသေးသောကြောင့် ဆက်လက်ပြီး မက်(ပ်) ရှေ့နေမှ ဗဟိုရုံးသို့ စာများပို့ပြီး နမ့်၏နစ်နာကြေးအတွက်ကြိုးပမ်းခဲ့သည်။ နောက်ဆုံးတွင်ဗဟိုရုံးမှဘဏ်သို့တိုက်ရိုက်ဆက်သွယ်ပြီး နမ့်၏နစ်နာကြေးကိုနမ့်မိခင်အမည်ဖြင့်ထုတ်ယူခွင့်ရရန်တောင်းခဲ့သောကြောင့်နမ့်၏ နစ်နာကြေးထုတ်ယူနိုင်ခဲ့သည်။

နိုင်ငံသားကဒ်မရှိသေးသော နမ့်လို လူတစ်ယောက်ကို ဥပဒေနှင့်အညီ နိုင်ငံသားကဒ်ရရှိရန်၊ ဥပဒေ ချမှတ်ထားသည့် အခွင့်အရေးများ ရရှိရန် မက်(ပ်) အဖွဲ့မှ ဘယ်လို ကူညီသွားမည်ကို ဆက်လက်စောင့်မျှော် ဖတ်ရှုရန်။



# တန်းတူအခွင့်အရေးဥပဒေ (Regular Rights)

တန်းတူအခွင့်အရေး ဥပဒေသည် တိုင်းရင်းသား အလုပ်သမားကျန်းမာရေး နှင့် ပညာပေးအစီအစဉ် မက်(ပ်) ဖောင်းဒေးရှင်း(**MAP Foundation**) ၏ လက်အောက်ခံတွင် တည်ရှိပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် “အလုပ်သမားကဒ် စာရင်းကောက်ယူမှုတွင် အလုပ်သမားဘဝတိုးတက်မှုရှိလား” ဟူသည့်မေးခွန်းတွင်အလုပ်သမားကဒ် ကောက်ယူမှုမှရရှိသည့်အကျိုးအမြတ်နှင့်ဆုံးရှုံးရမည့်အခွင့်အရေးများကိုနှိုင်းယှဉ်သုံးသပ်ပေးခြင်း၊မြန်မာရွှေ့ပြောင်းအလုပ်သမားများထံမှ အချက်အလက်များကောက်ယူခြင်း၊ အစည်းအဝေးခေါ်ယူခြင်း၊ ရေးဖြေကဏ္ဍများပြုလုပ်ခြင်း၊ လူချင်းတွေ့ဆုံမေးမြန်းခြင်း စသည့်နည်းမျိုးစုံဖြင့် အလုပ်သမားဘဝများကို လေ့လာခဲ့သည်။ အလုပ်သမားလူဦးရေစာရင်း ကောက်ယူခြင်းသည် “ အလုပ်သမားများ ခရီးထွက်ရလွယ်ကူခြင်း၊ စိတ်ချလက်ချ နေထိုင်အလုပ်လုပ်ကိုင်နိုင်ခြင်း စသည့်ကောင်းကျိုးများရရှိသည်။ သို့ပေမဲ့ လုပ်အားခနှင့်မိမိကြိုက်နှစ်သက်သည့် အလုပ်ရှာဖွေလုပ်ပိုင်ခွင့်မရရှိသေးသောကြောင့် တန်းတူအခွင့်အရေးဥပဒေအဖွဲ့မှ ထိုင်းအစိုးရ နှင့် မြန်မာအစိုးရထံသို့အောက်ပါ အချက်အလက်ဖြင့် တင်သွင်းတောင်းဆိုထားသည်။

## အလုပ်သမားကဒ်ကောက်ယူခြင်းအဆင့်

❶ အလုပ်သမားကဒ် ပြုလုပ်ရာတွင် သင့်လျော်သည့် ဈေးနှုန်းဖြင့်ပြုလုပ်ပေးရန် ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံပူးပေါင်းလုပ်ကိုင်ရန်။ ( အလုပ်သမားများရရှိသည့် လုပ်အားခနှင့်ညီမျှသည့်ဈေးနှုန်း)


❷ ရွှေ့ပြောင်းအလုပ်သမားများကိုပြန်ပို့ရန်နှင့်ပြန်ပို့နေသည်ကိုအကြောင်းပြုပြီး အလုပ်သမားများကို ဖိနှိပ်မှုမရှိစေရန်၊ အလုပ်သမားကဒ်ပြုလုပ်ရာတွင် အလုပ်ရှင်ပါဝင်လာရန်။

❸ ရွှေ့ပြောင်း အလုပ်သမားများအတွက် သတ်မှတ်ချိန်မရှိသည့် စာရင်းကောက်ယူခြင်း၊ ဘန်ကောက်မြို့တွင် တည်ရှိသော မြန်မာသံရုံးများတွင် အလုပ်သမားများ ခရီးထွက်ရာ တွင်လိုအပ်သည့် လက်မှတ်များကို ထုတ်ပေးရန်။

❹ အလုပ်သမားကဒ် ကိုင်ဆောင်ထားသူများနှင့် အပြစ်မရှိသူများကို နည်းမျိုးစုံဖြင့် ထိုင်းနိုင်ငံတွင်းဝင်ရောက်လာသူဟုရဲများစစ်ဆေး ခြိမ်းခြောက်မှုများမပြုလုပ်ရန်။

## လုပ်ငန်းခွင်အခြေအနေ

❖ အလုပ်သမားရုံးတွင် အိမ်တွင်းအလုပ်သမား(အိမ်ဖော်) များ၊ အလုပ်သမားကဒ်မရှိသေးသူများနှင့် ရွှေ့ပြောင်းအလုပ်သမားများအားလုံး၏ အခွင့်အရေးနှင့် ထိုင်းအစိုးရမှ သတ်မှတ်ထားသည့် အခြေခံလစာများရရှိနိုင်ရန်အတွက် ထိုင်းနိုင်ငံ အလုပ်သမားဥပဒေနှင့် ဖြစ်ပျက်



နေသည့် ထိုင်းနိုင်ငံ အခြေအနေများကို ထိန်းသိမ်းနိုင်သည့် အရည်အချင်း နှင့် တိုးတက်မှုများရှိရမည်။

❖ အလုပ်သမားများကို ကူညီစောင့်ရှောက်ရန်၊ လုပ်ငန်းရှာဖွေပေးရန်၊ ကျန်းမာရေးပြုစုစောင့်ရှောက်ရန်၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရန် စသည်တို့ကို ပြုစုစောင့်ရှောက်ရန်အတွက်ဝန်ထမ်းလစာများနှင့် အသုံးစရိတ်များ လုံလောက်မှုအတွက်အစိုးရမဟုတ်သည့်အဖွဲ့အစည်းများဖြစ်သည့် (**NGOs**) တို့နှင့် ရွှေ့ပြောင်းအလုပ်သမားအဖွဲ့တို့ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရန်။

❖ အလုပ်ရှင်များလိုက်နာရမည့် စည်းကမ်းများဖြစ်သည့် အလုပ်သမားများကို လုပ်ငန်းခွင်အတွင်းနေထိုင်မှုသင်တန်းပေးရန်၊ အလုပ်လုပ်သည့်နေရာတိုင်းတွင် မီးငြိမ်းသည့် ပစ္စည်းထားရှိရန်။

❖ အလုပ်သမားဥပဒေနှင့် အညီ မလိုက်လျှောသော အလုပ်ရှင်များကို ထိုက်သင့်သည့်အပြစ်ပေးရန်။

❖ ရွှေ့ပြောင်းအလုပ်သမားများ ခံစားနေရသည့် ဖိနှိပ်မှုများကို ကူညီနိုင်ရန်အတွက် မြန်မာသံရုံးတွင် ဝန်ထမ်းများ ပိုမိုခန့်ထားရန် နှင့် ဖြစ်နိုင်လျှင် ထိုင်းနိုင်ငံအတွင်းရှိ မြို့နယ်တိုင်းတွင် ဝန်းထမ်းများထားရှိရန် (သို့) သံရုံးရှိဝန်ထမ်းများ အချိန်ပြည့် ရုံးထိုင်ပေးရန်။

## ကျန်းမာရေး

❶ ရွှေ့ပြောင်းအလုပ်သမားများ၏ ကျန်းမာရေးကို ကူညီစောင့်ရှောက်ရာတွင် လူမျိုး၊အသက်အရွယ်၊ ကျား၊မ မရွေး ထိုင်းနိုင်ငံတွင်းဘယ်နည်းနဲ့ဝင်ရောက်လာသည်ဖြစ်စေ ကူညီစောင့်ရှောက်ပေးရန်။

❷ လူနေမှုဘဝ အာမခံရုံး (ပရကန်ဆန်ခုမ်း) မှထုတ်ပြန်သည့်လူနေမှုဘဝအခြေခံ အာမခံချက်ဆိုင်ရာ သတင်းအချက် အလက်များကို ရွှေ့ပြောင်း အလုပ်သမားများ နားလည်နိုင် သည့် ဘာသာဖြင့်ထုတ်ဝေသင့်သည်။ ထိုင်းနိုင်ငံအတွင်းရှိ ထိုင်းလူမှု အသိုင်းအဝိုင်းများနှင့်ဆက်ဆံတတ်ရန်၊ အကောင်းမြင်တတ်ရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများရသင့်သည့် အခွင့်အရေးများကို နားလည်သဘောပေါက်နိုင်ရန်အတွက် ဘာသာပြန်ပေးသူရှိသင့်သည်။

# ဆိုရှယ်မီဒီယာ Social Media

